## ဂျပန်သို့ပညာသင်သွားလိုသူများအတွက်

Okayama University Japan Educational Information Center(OJEIC) မှ ဂျပန်သို့ ပညာသင်သွားလိုသူများအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးနေပါသည်။ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် သတင်းအချက်အလက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ဗီဇာနှင့်တကွ အခြားနေထိုင်စားသောက်ရေး စသည့်မည် သည့်ကိစ္စရပ်မဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ဆွေးနွေး တိုင်ပင်မှုအားလုံး ကိုအခမဲ့ဝန်ဆောင်မှု ပေးပါသည်။

### Services and Activities

*ဂျပန်သို့ပညာသင်သွားလိုသူများအတွက် တိုင်ပင်ဆွေးနွေး ပေးခြင်း။

*ဂျပန်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကိုသိရှိနိုင်ရန်လမ်းညွှန်စာအုပ်များထားရှိခြင်း Facebookမှသတင်းပေးခြင်း စသည်ဖြင့် ပံ့ပိုး ပေးခြင်း။

*Study in Japan Fair ကျင်းပပေးခြင်း။

- မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊အထက်တန်းကျောင်းများအား ဂျပန်ပညာသင်ခြင်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ပေးခြင်း။
- ဂျပန်နိုင်ငံရှိတက္ကသိုလ်၊ကောလိပ်ကျောင်းများသို့ မြန်မာနိုင်ငံမှ ပညာသင်သွားရောက်မှု နှင့် အခြေခံပညာ အထက်တန်း ပညာရေး အချက်အလက်များ ပို့ဆောင်ပေးခြင်း။
- အခြားသော ပညာသင်ကျောင်းသား ဖလှယ်ရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း။






ဂျပန်နိုင်ငံအစိုးရပညာရေးဝန်ကြီးဌာနမှတာဝန်ပေးအပ်ထားသော


**Okayama University**
**Japan Educational Information Center, Myanmar**
**(OJEIC)**

R322A, Bldg-C, PearlCondo, Kaba Aye Pagoda Rd, Bahan Township, Yangon, MYANMAR

E-mail: ojeicmyanmar@gmail.com
Facebook:
https://www.facebook.com/StudyinJapanOfficeYangon
Web:
http://www.okayama-u.ac.jp/user/myanmar/index.html


# Study in Japan



ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ခြင်း နှင့်ပတ်သက်ပါက မည်သည့်ကိစ္စမဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

**အခမဲ့**

**Opening Hours: 9:00-17:00**
**Mon. Afternoon Tue. Morning (No appointment required)**
**Other times by appointment**


**Phone: 09261841054**

Okayama University
Japan Educational Information Center, Myanmar
(OJEIC)



## ဂျပန်တက္ကသိုလ်တက်ဖို့ဂျပန်စာအရည်အချင်းဘယ်လောက်လိုမလဲ

အင်္ဂလိပ်လို သင်ယူနိုင်တဲ့ မဟာတန်း၊ပါရဂူတန်း တွေရှိပေမဲ့ ဘွဲ့ကြိုသင်တန်းအများစုက ဂျပန်လို သင်ကြားတာဖြစ်လို့ဂျပန်စာ အရည်အချင်းစစ်စာမေးပွဲ N1(သို့) N2 အဆင့်ဂျပန်စာလိုအပ်ပါတယ်။အဲဒ့ီအတွက်ဂျပန်ဘာသာ သင်တန်းကျောင်း ဒါမှမဟုတ်တက္ကသိုလ်က ဖွင့်လှစ်သင်ကြားတဲ့ နိုင်ငံတကာကျောင်းသားများ အတွက် အထူးသင်တန်း (Bekka) မှာ ဂျပန်ဘာသာကို သင်ယူနိုင်ပါတယ်။







## ကျောင်းက ဘယ်လိုရွေးရမှာလဲ

OJEIC မှာဂျပန်နိုင်ငံရှိကျောင်းအသီးသီး၏လမ်းညွှန်စာအုပ်များ များစွာထားရှိတဲ့အပြင် Study in Japan Coordinator နှင့်ဆွေးနွေးတိုင်ပင်ပြီး မိမိနှင့်ကိုက်ညီတဲ့ ကျောင်းကိုရွေးချယ်နိုင်ပါတယ်။OJEIC ရဲ့HP,Facebook များမှာ လည်း ဂျပန်ပညာသင်ဆိုင်ရာ အချက်အလက်များ ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Facebook:
https://www.facebook.com/StudyinJapanOfficeYangon
Web:
http://www.okayama-u.ac.jp/user/myanmar/index.html



## ကျောင်းစရိတ်ဘယ်လောက်ကုန်မလဲ

ဂျပန်မှာ ပညာသင်ဖို့ ကုန်ကျမယ့်စရိတ်က အမေရိကတို့အင်္ဂလန်တို့လောက်မများပါဘူး။ကျောင်းနဲ့သင်ယူမယ့် ဘာသာရပ်အလိုက် ကျောင်းစရိတ် အမျိုးမျိုးရှိပါတယ်။ နေထိုင်စားသောက် စရိတ်လည်း ဒေသပေါ်မူတည်ပြီး ကွာခြားပေမဲ့ တစ်ပြည်လုံး ပျမ်းမျှအနေနဲ့ တစ်လယမ်း ၈၀၀၀၀ (US800$)လောက်ပါ။ (၂၀၁၃JASSOစစ်တမ်းအရ) ကျောင်းလခသက်သာကင်းလွတ်ခွင့်စနစ်လည်းအခြား နိုင်ငံများနဲ့ ယှဉ်ရင်များပြားပါတယ်။ ကျောင်းသားတွေ ငွေကြေးမပူပင်ရဘဲ စိတ်အေးစွာ ပညာသင်နိုင်ဖို့ ပညာသင်ထောက်ပံ့ကြေး စနစ်အမျိုးမျိုးလည်း ရှိပါတယ်။ အသေးစိတ်ကို အခမဲ့ ဖြန့်ဝေတဲ့ Student Guide to Japan စာအုပ်မှာ ဖတ်နိုင်ပါတယ်။

## ဂျပန်ပညာသင်ကျောင်းသားတို့ရဲ့အသံ

ဂျပန်မှာ ဂျပန်ဘာသာ၊ယဉ်ကျေးမှုကို စနစ်တကျလေ့လာခွင့် ရခဲ့သလို နိုင်ငံ အသီးသီးက ပညာသင်ကျောင်းသားတွေနဲ့ တွေ့ဆုံခင်မင်ခွင့် ရခဲ့လို့ အမြင်ကျယ်ပြီး အသိုင်းအဝိုင်းကျယ်ပြန့် လာပါတယ်။(ဂျပန်ဘာသာနှင့်ယဉ်ကျေးမှုအဓိက မဟာဘွဲ့ရကျောင်းသူတစ်ဦး)

ဂျပန်မှာ သွားရေးလာရေး၊အစားအသောက်၊လူမှုပတ်ဝန်းကျင် လုံခြုံမှု အားလုံးအဆင်ပြေတယ်။လူတစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်အနိုင်ယူတာမျိုးမဟုတ်ဘဲ ပြဿနာတစ်ခုခု ဒါမှမဟုတ် စိန်ခေါ်မှုကို ရင်ဆိုင်တတ်လာတယ်။ဂျပန်လူမျိုးတွေရဲ့ကောင်းတဲ့ ဓလေ့တွေကို သိလာတယ်။နိုင်ငံတကာက ကျောင်းသားတွေနဲ့ ပေါင်းသင်းဆက်ဆံရတော့ အတွေးအခေါ် ကျယ်ပြန့်လာတယ်။အရှေ့တိုင်းရဲ့ ယဉ်ကျေးမှုကို အဆက်မပြတ်သလိုအနောက်တိုင်းရဲ့ဆန်းသစ်မှုကိုလည်းတွေ့ရတယ်။ (ဒုတိယနှစ် ပါရဂူတန်း အင်ဂျင်နီယာကျောင်းသား တစ်ဦး)